# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 13, 2025 Volume 91, Number 10


၁၃.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၃.၀၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၇.၄၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၇.၆၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၃၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၉၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် နှမ်းဧက ၁၂ သိန်းခန့် စိုက်ပျိုးမည်



မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၁၂ သိန်းခန့် စိုက်ပျိုးမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် နှမ်းကို အများဆုံး စိုက်ပျိုးကြပြီး မိုးကောင်းသောက်ယာမြေများ၌ အဓိကထားစိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမျိုးများနှင့် ဒေသနှင့်ကိုက်ညီသော နှမ်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

"မကွေးတိုင်းဒေသကြီးအတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၁၂ သိန်းလောက် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။

အဓိကအားဖြင့် မိုးကောင်းသောက်ယာမြေတွေမှာ စိုက်ပျိုးမှာပါ။ မိုးကောင်းသောက်ဧရိယာဖြစ်ပေမဲ့ ရွာသွန်းတဲ့မိုးရေကို ထိရောက်စွာ ရယူအသုံးပြုနိုင်ဖို့အတွက် နွေရာသီကတည်းက ထယ်ရေးကိုသေချာပြုပြင်ထားပြီး မြေဆီအစိုဓာတ်ရရှိတာနဲ့ ချက်ချင်းစိုက်ပျိုးနိုင်အောင် ကြိုတင်ဆောင်ရွက်ထားပါတယ်"ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့နှမ်းစိုက်ပျိုးရာတွင် စိုက်ဧကအားလုံး တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရေးသက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ မျိုးကောင်းမျိုးသန့်သုံးစွဲနိုင်ရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း စပါး၊ နှမ်း၊ နေကြာအပါအဝင် အဓိကသီးနှံ ၁၀ မျိုးကို ဦးစားပေးစိုက်ပျိုးကြပြီး ယခုနှစ်တွင် စုစုပေါင်း သီးနှံစုံစိုက်ဧက ၆၅ သိန်းကျော် စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/eco

## ပေါ်ဆန်းဆန်များ သက်သာဈေးဖြင့် စတင်ရောင်းချ




သက်သာတဲ့ဈေးနဲ့ ရွှေဘိုနဲ့ရောဝတီပေါ်ဆန်းတွေကို ဇွန် ၁၂ ရက်စပြီး ရောင်းချပေးနေတယ်လို့ ရန်ကုန်မြို့ ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်က တာဝန်ရှိသူတစ်ယောက်က One News ကို ပြောပါတယ်။

ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ဆန်ဈေးနှုန်းတွေ တည်ငြိမ်စေဖို့အတွက်ရွှေဘိုနဲ့ရောဝတီပေါ်ဆန်းဆန်တွေကို ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှာ အပတ်စဉ် ဗုဒ္ဓဟူးနဲ့ကြာသပတေးနေ့တွေမှာ နံနက် ၁၁ နာရီကနေ နေ့လယ် ၃ နာရီ အထိ ရောင်းချပေးမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ရောင်းချပေးရာမှာတော့ ရွှေဘိုပေါ်ဆန်း 10 kg တစ်အိတ်ကို ၃၁,၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း 10 Kg တစ်အိတ်ကို ၂၄,၀၀၀ ကျပ် သတ်မှတ်ထားပြီး အိမ်ထောင်စုတစ်စုကို ရွှေဘိုပေါ်ဆန်းနဲ့ ရောဝတီပေါ်ဆန်း 10 kg တစ်အိတ်စီ ဝယ်ယူနိုင်မှာဖြစ်တယ်လို့ ဝါးတန်းဆန်စပါးကုန်စည်ဒိုင် တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

လတ်တလောမှာတော့ ဝါးတန်း ဆန်စပါးကုန်စည်ဒိုင်မှာသာ ရောင်းချပေးမှာဖြစ်ပြီး နောက်ပိုင်းမှာတော့ အခြား ဆန်စပါးကုန်စည်ဒိုင်တွေမှာလည်း ရောင်းချပေးဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။

ဒါ့ပြင် အပတ်စဉ် သောကြာနဲ့ စနေနေ့တွေမှာလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့နယ်အလိုက် ဈေးကားတွေနဲ့ အလှည့်ကျ လှည့်လည် ရောင်းချပေးသွားမှာဖြစ်ပြီး ရောင်းချပေးရာမှာတော့ ရွှေဘိုပေါ်ဆန်း 10 kg တစ်အိတ်ကို ၃၂,၀၀၀ ကျပ်၊ ရောဝတီပေါ်ဆန်း 10 Kg တစ်အိတ်ကို ၂၅,၀၀၀ ကျပ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။

Source: https://onenewstvchannel.com/

## ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း နေလှန်းဆား အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်းဒေသထွက်နေလှန်းဆားပိဿာအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှနေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ဒေသထွက်နေလှန်းဆားပိဿာ ၅၀,၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလတွင် နေလှန်းဆားပိဿာ ၈၈,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လအတွင်း နေလှန်းဆားပိဿာ ၈၈,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလိုအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ၎င်းကပြောသည်။

ငပုတောမြို့နယ်၌ ဒေသထွက် နေလှန်းဆားများကို ဆားလုပ်ငန်းလုပ်ကိုင်သူများက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန် ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊အဆိုပါဒေသထွက်နေလှန်းဆားများကိုငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်

လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း၊ နေလှန်းဆားများ အရောင်းအဝယ် ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာသဖြင့် ဒေသဈေးကွက်အတွင်း ဆားဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ပြီး ဒေသခံ ပြည်သူများ၏ သက်သာချောင်ချိရေး ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/eco

## သဘာဝဘေးကြောင့် ရှမ်းကုန်စိမ်းများရှားပြီး ဈေးတက်နေ



ငလျင်ဘေးနဲ့ရေကြီးရေလျှံမှုသဘာဝဘေးကြောင့် တောင်ပေါ်ဒေသရှမ်းပြည်နယ်ကထွက်သည့် ခရမ်းချဥ်သီး၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ မုန်လာဥနီ၊ ပဲသီး ၊ဂေါ်ရခါးသီး၊ မုန်ညင်း၊ အာလူး စတဲ့ကုန်စိမ်းသီးနှံတွေရှားပြီး ဈေးမြင့်တက်နေတယ်လို့ မကွေးမြို့ က ရှမ်းကုန်စိမ်းရောင်းချသူတွေက ပြောပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းက ကုန်စိမ်းသီးနှံတွေ မထွက်ရှိတော့တာကြောင့် ရှမ်းကုန်စိမ်းတွေကို မှာယူရောင်းချနေရတာပါ။ရှမ်းကုန်တွေဟာလိုသလောက်မရဘဲပစ္စည်းရှားတော့ရောင်းအားကျပေမဲ့လည်း ဈေးမြင့်တက်နေတယ်လို့ မကွေးမြို့ကန်သာဈေးက ရှမ်းကုန်စိမ်းရောင်းချသူ တစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်တွေက ရှမ်းကုန်စိမ်းဈေးက ဩဂုတ်လဝန်းကျင်လောက်မှသာ ဈေးတက်လေ့ရှိပြီး အခုနှစ်မှာတော့ ဇွန်လကတည်းက ဈေးတွေ တဖြည်းဖြည်း မြင့်တက်နေတာလို့ ဆိုပါတယ်။

လက်ရှိ ရှမ်းကုန်ဈေးကွက်မှာ ခရမ်းချဥ်သီးက ဈေးအမြင့်ဆုံး ဖြစ်နေတာပါ။ ဈေးကွက်လည်း မြင့်တက်နေသလို ပြန်လည်ရောင်းချတဲ့နေရာမှာလည်း လာဝယ်သူ နည်းပါးတဲ့အတွက် ရောင်းအားကလည်း ထက်ဝက်ကျော်လောက် ကျဆင်းနေတယ်လို့ ရှမ်းကုန်ရောင်းချသူတွေက ပြောပါတယ်။

**Source:** https://onenewstvchannel.com/

## ကျိုက်မရောမြို့နယ်ဒေသထွက် မင်းဂွတ်သီးများ ပေါ်ဦးပေါ်ဖျားဈေးကောင်းရရှိ



မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်သည် လယ်ယာသီးနှံများကို အဓိကစိုက်ပျိုး၍ အသက်မွေးဝမ်းပြုသူများ အများဆုံးရှိသည့် မြို့နယ်ဖြစ်ရာ နှစ်ရှည်သီးနှံပင်ဖြစ်သည့် မင်းဂွတ်သီးများ စတင်ထွက်ရှိချိန်၌ပင် ဈေးကောင်းရရှိ၍ မင်းဂွတ်သီးစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မင်းဂွတ်သီးပင်သည် မြေပြန့်နှင့်မြေဩဇာကောင်းမွန်သည့် သဲနုန်းမြေနှင့် ပူအိုက်စွတ်စိုသောရာသီဥတုကိုနှစ်သက်၍ အပင်များကို ကိုင်းဆက်ကိုင်းကူးနည်းဖြင့် အကျယ် သုံးပေ၊ အနက် သုံးပေအတွင်းမှ တစ်ပင်နှင့်တစ်ပင် ပေ ၂၀ ခန့်အကွာ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

ပျိုးပင်များ စိုက်ပျိုးပြီး ၁၀ နှစ်မှ ၁၂ နှစ် အရွယ်ရောက်ချိန်မှသာ အသီးစတင်ထွက်ရှိပြီး အပင်တစ်ပင်လျှင် သက်တမ်း ၄၀ ထိ ရှင်သန်နိုင်ပြီး ပိုးမွှားကင်းစင်သည့် အပင်မျိုးလည်းဖြစ်သည်။ မင်းဂွတ်သီး ယခုစတင်ထွက်ရှိချိန်၌ တစ်လုံးလျှင် ၃၀၀ မှ ၄၀၀ ကျပ်ထိရရှိနေပြီးစတင်ထွက်ရှိချိန်မှစ၍ မင်းဂွတ်သီးများကို ခြင်းအလိုက်နယ်ဝေးမြို့ကြီးများသို့ တင်ပို့နေပြီး အဓိက ရန်ကုန်မြို့ကုန်စည်ဒိုင်များကို အများဆုံးပို့ဆောင်ရောင်းချနေရကြောင်း မင်းဂွတ်သီးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကုန်သည်တစ်ဦးထံကသိရသည်။ **Source : DOCA (မွန်)** https://www.doca.gov.mm/

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၀၁ ကြိမ်မြောက်နိုင်ငံအဖြစ် နီကာရာဂွာက ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်ကို လက်ခံခဲ့



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက်အား နီကာရာဂွာနိုင်ငံက လက်ခံကြောင်း အကြောင်းကြားစာကို နီကာရာဂွာ၏ WTO သံအမတ်ကြီး Rosalía Bohorquez Palacios က ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဇွန်လ ၂ ရက်နေ့တွင် ပေးအပ်ခဲ့သည်။

ယခုအခါ သဘောတူညီချက်အသက်ဝင်ရန် နောက်ထပ် ၁၀ နိုင်ငံမှ လက်ခံရန်သာလိုပါတော့သည်။ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ်တွင် WTO အဖွဲ့ဝင်များက ယခုအထင်ကရ သဘောတူညီချက်ကို လက်ခံခဲ့ခြင်းသည် သမုဒ္ဒရာများ၏ ကြွယ်ဝမှုနှင့် အသက်ဝင်မှုကို ပြန်လည်ရရှိရန် ရေရှည်တည်တံ့သော လမ်းကြောင်းသို့ ရောက်ရှိခဲ့ကြောင်း၊ထပ်မံ၍ သဘောတူညီချက်အသက်ဝင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နီကာရာဂွာ၏ တရားဝင်လက်ခံမှုကြောင့် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ပေးမှုဆိုင်ရာ သဘောတူညီချက် အသက်ဝင်ရန် ယခင်က ထက်ပို နီးကပ်လာပြီဖြစ်ကြောင်း၊ ပန်းတိုင်ရောက်ရန် နောက်ထပ် ၁၀ နိုင်ငံ၏ လက်ခံမှုသာလိုကြောင်း၊ ယခုလက်ခံမှုကြောင့် သဘော တူညီချက်ကို လက်ခံခဲ့သော ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ အကောင်အထည်ဖော်ရန် လိုအပ်မည့်နည်းပညာနှင့် စွမ်းရည်မြှင့်တင်ရေးအကူအညီများကို WTO Fish Fund ရန်ပုံငွေသို့လျှောက်ထားနိုင်ရန်ဖိတ်ကြားတော့မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

နီကာရာဂွာ၊ သံအမတ်ကြီး Bohorquez Palacios ကသဘောတူညီချက်ကိုလက်ခံမှုသည်စည်းမျဉ်းအခြေခံနိုင်ငံစုံ ကုန်သွယ်မှုစနစ်အား နီကာရာဂွာ၏ ထောက်ခံမှုကို ထပ်မံအတည်ပြုခြင်းဖြစ်ကြောင်းနှင့် အဏ္ဏဝါအရင်းအမြစ်များ ရေရှည်တည်တံ့စွာအသုံးပြုနိုင်ရန် နိုင်ငံတကာကြိုးပမ်းအားထုတ်မှုများကို ကတိကဝတ်ပြုခြင်းဖြစ်ကြောင်း၊ နီကာရာဂွာသည် သမုဒ္ဒရာနှစ်စင်းနှင့် နယ်နိမိတ်ထိစပ်နေ၍ ရေနေသတ္တဝါများနှင့် အဏ္ဏဝါစီးပွားရေးသည် မိမိတို့အတွက် အရေးကြီးကြောင်း၊ ယခုသဘောတူညီချက်အသက်ဝင်စေရန်နှင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် WTO အဖွဲ့ဝင် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သဘောတူညီချက် အသက်ဝင်စေရန် WTO အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံဖြစ်သော ၁၁၁ နိုင်ငံမှ တရားဝင်လက်ခံရန် လိုအပ်သည်။ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၁၇ ရက်နေ့အထိဂျီနီဗာမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၂ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ၌ တူညီဆန္ဒဖြင့် သဘောတူညီခဲ့သည့် ငါးလုပ်ငန်းအပေါ် အထောက်အပံ့ ပေးမှုဆိုင်ရာ သဘောတူညီချက်သည် ကမ္ဘာ့တစ်ဝှန်းငါးလျော့နည်း လာစေသည့် အထောက်အပံ့များမပေးရေးအတွက် ကဏ္ဍစုံစည်းမျဉ်းသစ်များပြဋ္ဌာန်းထားပါသည်။ အဆိုပါသဘောတူညီချက်တွင် တရားမဝင်၊ စာရင်းမှတ်ထားခြင်းမရှိ၊ ဥပဒေအရထိန်းကျောင်း ခြင်း မရှိသည့် ငါးဖမ်းခြင်းများ (illegal, unreported and unregulated – IUU) အတွက် အထောက်အပံ့များကိုတားမြစ်ခြင်း၊ ငါးလျော့နည်းလာစေသည့် အလွန်အကျွံငါးဖမ်းမှုကို တားမြစ်ခြင်းနှင့် ကမ်းဝေးပင်လယ်ပြင်တွင် စည်းကမ်းလိုက်နာမှုမရှိသော ငါးဖမ်းခြင်းအတွက် အထောက်အပံ့များကို အဆုံးသတ်စေခြင်းတို့ပါဝင်သည်။

ထို့ပြင် အဆိုပါသဘောတူညီချက်၏ တာဝန်များကို လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (LDCs) ၏ လိုအပ်ချက်များကို အသိအမှတ်ပြု၍ နည်းပညာဆိုင်ရာအကူ အညီထောက်ပံ့ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရန်ပုံငွေတစ်ရပ် ထူထောင်ထားပါသည်။ လက်ရှိသဘောတူညီချက်ကို အဆင့်မြှင့်တင်ရေးအတွက် ပြင်ဆင်ပြဋ္ဌာန်းလိုသည့် အချက်များရရှိနိုင်ရေး အဖွဲ့ဝင်နိုင်ငံများက ဆက်လက်ညှိနှိုင်းလျက်ရှိပါသည်။

**Source:** www.wto.org

https://commerce.gov.mm/

## 2025 Great Sale Festival အား အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်တွင် စတင်ကျင်းပ




၁ လကြာမြင့်မည့် 2025 Jakarta Great Sale Festival အား ဇွန်လ ၁၀ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့ပြီး ယမန်နှစ်က လက်လီရောင်းချမှု ၁၄ ထရီလီယံရူပီယာမှ ၁၅ ဒသမ ၅ ထရီလီယံ ရူပီယာ အထိ တိုးမြင့်နိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

Jakarta Great Sale Festival သည် မြို့တော်၏ စီးပွားရေးကို ခိုင်မာစွာ မြင့်တင်ပေးကြောင်း ဂျာကာတာ ပြည်နယ်စက်မှု၊ ကုန်သွယ်ရေး၊ သမဝါယမနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အေဂျင်စီဒါရိုက်တာ Elisabeth Ratu Rante Allo က ဇွန်လ ၁၀ ရက်နေ့တွင်ပြောကြားခဲ့သည်။

ဇွန်လ ၁၀ ရက်နေ့မှ ဇူလိုင်လ ၁၀ ရက်နေ့အထိ ကျင်းပသည့်အဆိုပါပွဲသည် ကုန်တိုက်များနှင့် ဈေးဝယ်စင်တာပေါင်း ၁၀၀ ပါဝင်မည်ဖြစ်ပြီး ဂျာကာတာ၏စီးပွားရေး တိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည့် ကုန်သွယ်မှုကဏ္ဍအတွက် ကြီးမားသောပံ့ပိုး ကူညီမှုပေးနိုင်မည်ဟု မျှော်လင့်ထားကြသည်။

ယခုနှစ်ပွဲတော်တွင် Grand Indonesia၊ Mali Taman Anggrek နှင့် Lipo Mall Nusantara တို့ အပါအဝင် အဓိက ဈေးဝယ်စင်တာခုနှစ်ခုနှင့် ပူးပေါင်းကာ အင်ဒိုနီးရှား အချက်အပြုတ် မိုက်ခရို၊ အသေးစားနှင့်အလတ်စား လုပ်ငန်းပေါင်း ၂၀၀ ကျော်ကိုပြသရန်စီစဥ်ထားကြောင်းသိရသည်။

ဂျာကာတာ၏ ၄၉၈ နှစ်မြောက်နှစ်ပတ်လည်အခမ်းအနား၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပွဲတော်တွင် ၇၀ ရာခိုင်နှုန်းအထိလျှော့ဈေးပေးထားပြီး ညဈေးတန်းများ၊ ဈေးဝယ်မဲပေးခြင်း၊ သွေးလှူဒါန်းခြင်းနှင့် အခမဲ့ ကျန်းမာရေး စစ်ဆေးခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## တရုတ်နိုင်ငံသို့ ဆန်နှင့်ပီလောပီနံမှုန့်တင်ပို့မှုမြှင့်တင်ရန် ထိုင်းအစိုးရကြိုးပမ်း



ထိုင်းအစိုးရသည် ပီလောပီနံမှုန့်နှင့် ဆန်ကို အဓိကဦးစားပေးအနေဖြင့် စိုက်ပျိုးရေး ထုတ်ကုန် များတရုတ်သို့တင်ပို့မှုတိုးချဲ့ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း စီးပွားကူးသန်းဝန်ကြီး Pichai Naripthaphan က ဇွန်လ ၇ ရက်နေ့ကပြောကြားခဲ့သည်။

ဆန်၊ ပီလောပီနံမှုန့်၊ ဒူးရင်းအစရှိသည့် ထိုင်းကုန်ပစ္စည်းများအတွက် တရုတ်ဝယ်လိုအားမြင့်တက်လာမှုနှင့် အပြန်အလှန်ကုန်သွယ်ရေး ကြီးထွားမှုအရှိန်အားကောင်းမှုအပေါ် အခြေခံ၍ ထိုင်းစီးပွားကူးသန်းဝန်ကြီးဌာနသည်တရုတ်ဈေးကွက်သို့ဆက်လက်ဝင်ရောက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်လျှက်ရှိကြောင်း သိရပါသည်။

ထိုင်းနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး Han Zhiqiang ၏နှုတ်ဆက်ပွဲအခမ်းအနားတွင် Mr Pichai ကနှစ်နိုင်ငံကုန်သွယ်ရေး ချိတ်ဆက်မှု ဆက်လက် အားကောင်းရန် အစိုးရ၏ကတိကဝတ်ပြုမှုကို ထပ်မံအတည်ပြုခဲ့ပြီး သံအမတ်ကြီး၏ သက်တမ်းကာလအတွင်း ထိုင်းစိုက်ပျိုးရေးထုတ်ကုန်များဈေးကွက်ဝင်ရောက်ရေးတွင် လွယ်ကူချောမွေ့စေရန်အတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုအပေါ် အသိအမှတ်ပြုစကား ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ထိုင်းနိုင်ငံ၏ ပီလောပီနံမှုန့်တင်ပို့မှုသည် နှစ်နိုင်ငံကြား ကုန်သွယ်ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးနောက် ခန့်မှန်းချက်များထက် ကျော်လွန်လာခဲ့ကြောင်း သိရသည်။

Mr Pichai ကပီလောပီနံ မှုန့်သည် တရုတ်တွင် လူကြိုက်များမှုမြင့်တက်လာလျက်ရှိကြောင်းနှင့် ကုန်သွယ်မှုမြှင့်တင်ခြင်းမှတစ်ဆင့် ထိုအဟုန်ကို အပြည့်အဝအသုံးချနိုင်ရန်အတွက် အစိုးရ၏အစီအစဥ်များနှင့်ပတ်သတ်၍ အသားပေးပြောကြားခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့မှုမှာလည်းအထင်ကြီးဖွယ်ကြီးထွားလျက်ရှိပြီး ယခုနှစ်၏ပထမ ၅ လတာကာလတွင် ထိုင်းနိုင်ငံသည် ဘတ် ၃ ဒသမ ၅၇ ဘီလီယံတန်ဖိုး ရှိသော ဆန်တန်ချိန် ၂၀၂,၈၈၉ တန်ကို တရုတ်သို့တင်ပို့ခဲ့ကြောင်း သိရသည်။

သံအမတ် Han ကလည်း ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အထူးသဖြင့်ထိုင်းနိုင်ငံမှမွေးမြူရေးကွဲနွားများတရုတ်ဈေးကွက်ရရှိရန် ကြိုးပမ်းမှုများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပြီး ထိုင်းနိုင်ငံတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းခဲ့ပါသည်။

**Source : Bangkok Post**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (13.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,121 (Shares) | 25,074,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | -100 | -1.49% | 6,600 | 6,600 | 6,600 | 600 | 3,960,000 | 33,109,694 | 218,524 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 3,000 | 2,950 | 2,100 | 6,220,000 | 38,929,150 | 114,841 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,200 | 7,400 | 7,200 | 12 | 88,600 | 10,400,986 | 76,967 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 5,372 | 9,919,600 | 29,664,613 | 54,880 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 650 | 1,852,500 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,650 | 1,600 | 850 | 1,362,500 | 19,977,223 | 31,964 |
| AMATA | 00007 | 3,950 | -50 | -1.25% | 3,950 | 3,950 | 3,950 | 34 | 134,300 | 10,497,598 | 41,466 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,050 | 503 | 1,536,800 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 344.07 | -3.05 | -0.88% | 341.55 | 344.32 | 341.55 | 10,121 | 25,074,300 | 8 | 648,983 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th Jun, 2025

| Trading Volume | Trading Value |
|---|---|
| 10,121 (Shares) | 25,074,300 (MMK) |

## Main Board

As of 1:00 pm, 13th Jun, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,121 (Shares) | 25,074,300 (MMK) |

| MYANPIX | 344.07 ▼ 3.05 |
|---|---|
| Total Volume (shares) | 10,121 |
| Total Value (MMK) | 25 mil |
| Listed Company | 8 |
| Market Cap. (MMK) | 648,983 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR